CAPACITY BUILDING INITIATIVE

# စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်း

ပြည်မြန်မာတနံ့တလျား လူမှုရေးအသင်းများထံ အရောက်လှမ်းလျက်



လူမှု ပွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေတဲ့

မြန်မာနိုင်ငံသားတိုင်းအတွက်

စွမ်းဆောင်ရည် အစဉ်တစိုက်မြှင့်တင်ပေးနေပါမည် . . .

## မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးတွင် အတူတကွ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

## ရည်မှန်းချက်

CBIသည် မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေးပြည့်ဝသော သင်တန်းများ၊ ပံ့ပိုးကူညီမှုများနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့ အစည်းတစ်ခု အဖြစ် ရပ်တည်ရန်။

## CBI ၏ သင်တန်းများနှင့် ဝန်ဆောင်မှုများ


အရည်အသွေးပြည့်ဝသော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကျွမ်းကျင်သော ပညာရှင်များ၏ အတိုင်ပင်ခံ လုပ်ငန်းများနှင့် ပံ့ပိုးကူညီမှုများအစရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို CBIက ဆောင်ရွက်ပေးလျက်ရှိပါသည်။

CBIအနေဖြင့် မြန်မာနိုင်ငံသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးနေရာတွင် သင်တန်း အချိန်ဇယားများ ပုံမှန်ရေးဆွဲကာ ပို့ချပေးနေသကဲ့သို့ အဖွဲ့အစည်းများမှ မိမိတို့၏ လိုအပ်ချက်အရ သီးသန့်တောင်းဆိုလာသည့် သင်တန်းများနှင့် ဆွေးနွေးပွဲများကိုလည်း ပို့ချ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့အပြင် ပြည်တွင်း လူမှုရေး အဖွဲ့အစည်းများ ဖွံ့ ဖြိုး တိုးတက်ရေးနှင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံပေး ခြင်းများလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

CBIသည် အဆင့်မြင့် သင်ကြားမှုဆိုင်ရာ နည်းလမ်းများနှင့် သင်ထောက်ကူ ပစ္စည်းများကို ဒေသပုံစံ၊ စံနှုန်းများနှင့် ကိုက်ညီစွာ ပြန်လည်ဆန်းသစ် တီထွင်ပို့ချလျက် ရှိနေပါသည်၊ သင်တန်းများတွင် သင့်လျော်သည့် ပံ့ပိုးကူညီမှုနည်းလမ်းများကို ရွေးချယ် အသုံးပြုခြင်းသည် CBI၏ အရည်အသွေး ပြည့်ဝ၍ ထူးခြားသော သင်တန်းပို့ချမှု ပုံစံတစ်ခု ဖြစ်ပါသည်။



CBIသင်တန်းများတွင် အဓိကအားဖြင့် အတွေ့အကြုံအပေါ် အခြေခံ၍ လေ့လာသင်ယူခြင်းနည်းကို အသုံးပြုနေသောကြောင့် တက်ရောက်သူ သင်တန်းသားများအနေဖြင့် မိမိတို့ ကိုယ်ပိုင် အတွေ့အကြုံနှင့် အခြားသင်တန်းသားများ၏ အတွေ့အကြုံများကို အပြန်အလှန် ဖလှယ်ပြီး နားလည်သင်ယူ တတ်မြောက်စေ နိုင်ပါသည်။




အတွေ့ အကြုံပေါ် အခြေခံသော သင်ယူခြင်းသံသရာစက်ဝန်း

ပုံမှန်သုံးသပ် ဆန်းစစ်မှု ပြုလုပ်ခြင်းနှင့် သင်တန်းသားများ၏ ထင်မြင်ချက်များ၊ တုံ့ပြန်ချက်များကို တောင်းခံခြင်းအားဖြင့်လည်း CBI သင်တန်းများ၏ ထိရောက်မှုကို ပို၍ကောင်းမွန်စေရန် ကြိုးပမ်းလျက် ရှိပါသည်။

## CBI ရဲ့ ပိုင်ဆိုင်မှု

CBIအဖွဲ့သားများသည် တက္ကသိုလ်များမှ ဘွဲ့ရရှိထားကြသူများဖြစ်ပြီး တက်ကြွ၍ အတွေ့အကြုံရှိသည့် လူငယ်လူလတ်ပိုင်းများ ဖြစ်ကြတဲ့အပြင် ပြည်တွင်း ပြည်ပရှိ နာမည်ကြီး သင်တန်းဌာနများ၊ သင်တန်းဆရာများထံတွင် သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို တက်ရောက်လေ့လာ ဆည်းပူးလေ့ကျင့် နေကြသူများလည်း ဖြစ်ပါသည်။ သူတို့အားလုံးလက်ခံ တန်ဖိုးထားသည်မှာ 'အရည်အသွေး' နှင့် 'တာဝန်ယူမှု တာဝန်ခံမှု' တွေပဲ ဖြစ်ပါသည်။

## CBIအရင်းအမြစ် စင်တာမှ ကြိုဆိုပါတယ်

CBIတွင် ဖွင့်လှစ်ထားသည့် အရင်းအမြစ်စင်တာ Resource Centre (RC) ၏ အဖွဲ့ ဝင်အဖြစ် ဖွံ့ ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေသူအားလုံး လျှောက်ထားနိုင်ပါသည်။ အသင်းဝင်အဖြစ် မှတ်ပုံတင်ထားသူများ အနေဖြင့် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု ပညာဆိုင်ရာများ၊ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ လူစွမ်းအား အရင်းအမြစ် စီမံခန့်ခွဲခြင်းဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ စသည်တို့နှင့်ပတ်သက်သည့် စာအုပ်၊ မှတ်တမ်းများနှင့် အစီရင်ခံစာများ၊ စီဒီများ၊ သင်ထောက်ကူ ပစ္စည်းများ၊ အခြားသော ထုတ်ဝေထားသည့် စာအုပ်စာတမ်းများနှင့် ရသစာပေများကို ငှားရမ်းဖတ်ရှု အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခြားအသုံးဝင်သော သတင်းအချက်အလက်များဖြစ်သည့် ပညာသင်ဆု နှင့်ပတ်သက်သည်များ၊ လူမှုရေး အဖွဲ့အစည်းများ၏ ရာထူးလစ်လပ်နေရာအတွက် အလုပ်ခေါ်စာများ ကိုလည်း CBI RC တွင် ထားရှိထားသည့်အတွက် လာရောက်လေ့လာနိုင်ပါကြောင်း ဖိတ်ခေါ်လိုပါသည်။

CBIမှ ထုတ်ဝေသော သုံးလတစ်ကြိမ် သတင်းလွှာတွင် CBI၏ လုပ်ငန်းဆောင်ရွက်ချက်များအပြင် အခြားသော စိတ်ဝင်စားစရာသတင်းများလည်း ပါဝင်ပါသည်။

ထို့အပြင် လူမှုရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မား လာစေရန်အတွက် ကိုယ်တိုင်သင်ယူလေ့လာနိုင်သော စာအုပ်ငယ်များကိုလည်း ပြုစုကာ ဖြန့်ဝေပေးလျက်ရှိနေပါသည်။ လူမှုဖွံ့ဖြိုးရေးစီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံ သဘောတရားများ၊ လုပ်ဆောင်မှု စွမ်းဆောင်ရည် တိုးတက်အောင် စီမံဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့် စာရင်းထိန်းသိမ်းခြင်း၊ အသင်းအဖွဲ့တည်ဆောက်ခြင်း၊ ဆက်သွယ်ဖလှယ်မှု၊ ခေါင်းဆောင်မှု၊ လူစွမ်းအား အရင်းအမြစ်စီမံခန့်ခွဲခြင်း၊ ပါဝင်ဆောင်ရွက်ရင်း လေ့လာသင်ယူခြင်းနှင့် SPOT ပံ့ပိုးကူညီခြင်း အစရှိသည့် စာအုပ်များကို CBIမှာ ရရှိနိုင်ပါသည်။




## ကွန်ရက် နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

လူမှုရေးအဖွဲ့အစည်းများအချင်းချင်း ကွန်ရက်ချိတ်ဆက်ကာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းသည် CBI၏ အထူးစိတ်ဝင်စားသော လုပ်ငန်းဆောင်ရွက်ချက် တစ်ခုလည်းဖြစ်ပါသည်။ CBIအနေဖြင့် လူမှုရေးအဖွဲ့အစည်းများ၏ ပုံမှန်စုံညီ အစည်းအဝေးပွဲများကို ဦးဆောင် ကျင်းပပေးလျက်ရှိသကဲ့သို့ ဆွေးနွေးပွဲများနှင့် နီးနှောဖလှယ်ပွဲများ ကျင်းပရာတွင် ကူညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## CBI ဝက်ဘ်ဆိုက် ။ www.cbiinmyanmar.org

CBI၏ ဝန်ဆောင်ပေးနေမှုများနှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ကြစေရန်အတွက် **www.cbiinmyanmar.org** ဝက်ဘ်ဆိုက်ကို လွှင့်တင်ထားပြီး ဝင်ရောက်ကြည့်ရှုလေ့လာသူများ အကျိုးရှိစေမည့် သတင်းအချက်အလက်များကိုလည်း လွှင့်တင်ပေးထားပါသည်။ CBI၏ သုံးလတစ်ကြိမ် သတင်းလွှာများ၊ လူမှုရေးအဖွဲ့အစည်းများကို ဆက်သွယ်ရန်အချက်အလက်များ၊ CBI သင်တန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်မှ တဆင့် သိရှိရယူနိုင်ပါသည်။

## သင်တန်းများ ၊ ဝန်ဆောင်မှုများ

### ပံ့ပိုးကူညီမှုဆိုင်ရာ သင်တန်းများ

- ပံ့ပိုးကူညီခြင်းဆိုင်ရာ ကျွမ်းကျင်မှု
- ပံ့ပိုးကူညီခြင်း နည်းစနစ်များ
- ပံ့ပိုးကူညီမှု သင်တန်းဆရာဖြစ်သင်တန်း
- ပြည်သူလူထုအတွင်း ပံ့ပိုးကူညီခြင်း

### စီမံချက်ဆိုင်ရာသင်တန်းများ

- စီမံချက်စက်ဝန်းစီမံခန့်ခွဲခြင်း
- စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်အကဲဖြတ်ခြင်း
- အစီရင်ခံစာရေးသားခြင်း
- အဆိုပြုလွှာရေးသားခြင်း

### စီမံခန့်ခွဲမှုသင်တန်းများ

- မန်နေဂျာတို့အတွက် မရှိမဖြစ်စွမ်းရည်များ
- ခေါင်းဆောင်မှုပညာ
- ဆက်သွယ်ဖလှယ်မှုစွမ်းရည်
- အသင်းအဖွဲ့ကိုစီမံခန့်ခွဲခြင်း
- ပြောင်းလဲမှုကိုစီမံခန့်ခွဲခြင်း
- ဘဏ္ဍာရေးစီမံခန့်ခွဲခြင်း

### လူထုအခြေပြုသင်တန်းများ

- လူထုကို စည်းရုံးလှုံ့ဆော်ခြင်း
- ပူးပေါင်းပါဝင်သော လေ့လာသင်ယူခြင်း
- ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်ခြင်း

### တစ်ဦးချင်းစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု သင်တန်းများ

- ဖန်းတီးဆန်းသစ်တွေးခေါ်ခြင်း (ဖေါက်ထွက်တွေးခေါ်ခြင်း) နှင့် ဆုံးဖြတ်ချက်ချခြင်း
- ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ခြင်း
- တင်ဆက်မှုစွမ်းရည်

### ပံ့ပိုးကူညီခြင်းဆိုင်ရာ ဝန်ဆောင်မှုများ

- အားသစ်လောင်း အစီအစဉ်များအတွက် ပံ့ပိုးကူညီခြင်း
- အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများအတွက် ပံ့ပိုးကူညီခြင်း
- လူအမြောက်အမြားပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ ညီလာခံများတွင် ပံ့ပိုးကူညီခြင်း


### အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ

- အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ
- အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ
- အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြစ်စဉ် အတိုင်ပင်ခံခြင်း
- မဟာဗျူဟာအစီအစဉ် ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ
- အဖွဲ့အစည်းအတွင်း စည်းလုံးမှုရရှိအောင် လေ့ကျင့်ဆောင်ရွက်ခြင်း

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း သင်တန်းများ
- သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲထိန်းသိမ်းခြင်း
- ရာသီဥတုပြောင်းလဲခြင်း


တက်ကြွသောနိုင်ငံသားဖြစ်မှု သင်တန်းများ
- ပြည်သူ့နီတိ
- ငြိမ်းချမ်းမှုတည်ဆောက်ခြင်း
- လယ်ယာမြေဥပဒေကို နားလည်ခြင်း

## CBI FNS မိတ်ဖက်အစီအစဉ်




၂၀၁၃ ခုနှစ်ကတည်းက CBIနှင့် FNS တို့ မိတ်ဖက်ဖွဲ့ ပြီး ပံ့ပိုးကူညီမှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိပါသည်။ စက်ာပူနိုင်ငံအခြေစိုက် ပုဂ္ဂလိက ကုမ္ပဏီဖြစ် သော FNS သည် အပြည်ပြည်ဆိုင်ရာ ပံ့ပိုးကူညီမှုဌာန INIFAC ၏ အသင်းဝင်ဖြစ်ပြီး ပြည်တွင်းနှင့်ဒေသတွင်း ပံ့ပိုးကူညီမှုကွန်ရက်တို့တွင် သင်တန်း များ ပုံမှန် ကျင်းပ ပြုလုပ်ပေးလျက်ရှိပါသည်။

CBIအနေဖြင့် မိတ်ဖက် သဘောတူညီမှု ယူထားပြီး SPOT ပံ့ပိုးကူညီခြင်းဆိုင်ရာ စာအုပ်ကို မြန်မာ ဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ SPOT ပံ့ပိုးကူညီခြင်း သင်တန်းများကို စက်ာပူနိုင်ငံတွင် FNS က ကျင်းပသည့် စံညွှန်းအတိုင်း ရန်ကုန်တွင် ကျင်းပလျက်ရှိပြီး သင်တန်းဆင်း လက်မှတ်ကိုလည်း FNSက တိုက်ရိုက်ချီးမြှင့်နေခြင်း ဖြစ်ပါသည်။ ကျွမ်းကျင်သော ပံ့ပိုးကူညီသူသည် အလုပ်ရုံ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများနှင့် အစည်းအဝေးပွဲများတွင် သာမက သင်ကြားရေးတွင်လည်း အုပ်စု၊ အဖွဲ့ အစည်းမှ လိုအပ်သည့် ရလဒ်များ ရရှိလာအောင် စွမ်းဆောင်ပေးနိုင်သောကြောင့် အဖွဲ့အစည်းအသီးသီးမှ ပံ့ပိုးကူညီသူများနှင့် တစ်ဦးချင်း ပံ့ပိုးကူညီမှု ဆောင်ရွက်နေသူများ၊ အပြည်ပြည်ဆိုင်ရာ အသိမှတ်ပြုပံ့ပိုးကူညီသူ ဖြစ်လိုသူများအတွက် စက်ာပူနိုင်ငံသို့ သွားရောက်သင်ယူသည့် ကုန်ကျ စရိတ်ထက် အဆများစွာ သက်သာစေမည့် CBI နှင့် FNS တို့ရဲ့ အထူးမိတ်ဖက် အစီအစဉ်တစ်ခုလည်း ဖြစ်ပါတယ်။






## CBIကို ဆက်သွယ်ရန်

အခန်း ၉၊ မြေညီထပ်၊ တိုက် C 1 ၊ စံပယ်လမ်း၊ ယုဇန အဝေးပြေးအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ် - (၀၁) ၅၀၄၄၅၁၊ (၀၉) ၄၅၀၀၀ ၃၀၄၂
အီးမေးလ် - info@cbiinmyanmar.org
cbitraining@cbiinmyanmar.org
cbidirector@cbiinmyanmar.org
admin@cbiinmyanmar.org
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org
ဖေ့စ်ဘွတ်ခ် - https://www.facebook.com/cbimyanmar